# သူ၏ ကုတ်အကျႌ အိတ်ထဲတွင်ရှိသော အသက်ကယ်ပစ္စည်း

A true story as told by Joe Johnston

ဘီယာ နည်းနည်းလောက် သွားသောက်ရအောင်၊ ဒီလောက်ပါပဲ၊ ဘာမှ ဥပါဒ်မဖြစ်ဘူး၊ ကားမောင်းရင် ခဏပဲ မောင်းရတဲ့ နေရာလေးဆီကို အကြိုက်ဆုံးဘီယာလေးနဲ့ သွားကြမယ်၊ စနေနေ့ဆိုတာ တစ်ပတ်မှ တစ်ခါဘဲ ကျတာပါကွာ။ ဒါကြောင့် တို့နဲ့ လိုက်ခဲ့ပါလားဟု မိတ်ဆွေများက ခေါ်နေပါသည်။

သူတို့ပြောတာလည်း မှန်တာပဲ၊ အခုလို အားလပ်ရက်မှာ မိတ်ဆွေကောင်းတစ်ချို့နဲ့ ဘီယာအေးအေးလေးအတူတကွ သောက်တာ ဘာမှားလို့လဲ၊ တခြား ဘာလုပ်စရာမှ မရှိဘဲဟု ဟက်တာက တွေးလိုက်ပြီး အေးလိုက်မယ်ဟု ပြန်ဖြေပြီးနောက် ကားထဲကို တိုးဝင်လိုက်ခါ တံခါးကိုပိတ်၊ မှန်ကို အောက်ချလိုက်တယ်။ မိသားစု အနေနဲ့လည်း ဒီကိစ္စကို မကြိုက်နှစ်သက်စရာမရှိဘူးလို့ သူသိထားတယ်။ အရက်သောက်တာ အပြစ်လား။ ဒါမှမဟုတ် အသင်းတော်မှာ တက်ကြွစွာ ပါဝင်တဲ့ အသင်းသားဘဝကနေ ကင်းကွာသွားမှာလား။ ဒီမေးခွန်းဟာ ပေါ်လာခဲ့တာ ကြာပါပြီ။ ကျွန်တော်တို့ စိတ်ထဲမှာ ခံယူထားတဲ့ အားပေးစကားတစ်ခုကတော့ ‘အလွန်အကျွံမဖြစ်ရင် ပြီးတာပါပဲ။

တစ်ယောက်က **(Vicente Ferrandez)**ရဲ့ သီချင်းလေးကို ညည်းနေတဲ့အချိန်မှာ ကျန်တဲ့လူတွေက တစ်ပတ်လုံး ပင်ပန်းတဲ့အတွက် မအီမသာ တွန့်လိမ်နေတဲ့ မျက်နှာတွေနဲ့ ပြုံးနေကြတယ်။ သူ့မျက်စိရှေ့မှာတော့ လမ်းဟာ တစ်ဖြတ်ပြီးတစ်ဖြတ် ပြတ်သွားသလိုပဲ၊ မြင်လိုက် ပျောက်လိုက်ဖြစ်နေတယ်။

ဟက်တာကလည်း သူငယ်ချင်းတွေနဲ့အတူ ရယ်မောရင်း လိုက်ခဲ့တယ်။ သူ့အဖေရဲ့ ဆေးရုံမှာဆိုရင် လူနာတွေ၊ ဆေးညွှန်းတွေ၊ ဆေးပြားတွေ၊ နာကျင်မှုဝေဒနာတွေနဲ့ အလုပ်ရှုပ်ပြီး အတောမသတ်နိုင်ဖြစ်နေတာ နေ့တိုင်းပဲ။ သူ့အနေနဲ့ အမှန်တကယ် တစ်ခြားနေရာမှာ နားအေးပါးအေး နေသင့်ပါတယ်။

ဒီအချိန်မှာ တယ်လီဖုန်းမြည်လာပါတယ်။ ကားရှေ့ ဒိုင်ခွက်ပေါ်မှာ တယ်လီဖုန်းမပါသလို သူ့သူငယ်ချင်းတွေမှာလည်း လက်ကိုင်ဖုန်း မပါတဲ့အတွက် ဖြစ်နိုင်စရာ တစ်ခုပဲရှိတော့တယ်။

တတိယအကြိမ်အသံမြည်လာ၍သူ့ကုတ်အကျႌအိတ်ထဲက ဖုန်းကို နှိုက်ထုတ်လိုက်တဲ့အခါ သူ့သူငယ်ချင်းတွေက နောက်ပြောင်တဲ့သဘောနဲ့ ဘေးတစ်ဖက် တစ်ချက်ကို ထိုးနေကြတယ်။ ဆေးရုံက ခေါ်တာဖြစ်နိုင်တယ်။ သိပ်ဟုတ်တာပေါ့။ အရေးပေါ်ဖုန်းကလွဲလို့ ဘာရှိဦးမှာလဲ။ သူဘယ်မှာ ရောက်နေလဲ။ ဆေးရုံကို အမြန်ဆုံး ပြန်လာနိုင်မလား?

ဘတ်(စ)ကားမှတ်တိုင်တစ်ခုရောက်တော့ သူတို့ကားကို ကျွီခနဲ ထိုးရပ်လိုက်တဲ့အခါ ဟတ်တာက ကားထဲကနေ တိုးထွက်လိုက်ပြီး သူက သူငယ်ချင်းတွေကိုလက်ဝှေ့ရမ်းနှုတ်ဆက်တဲ့အခါ သူတို့က လှောင်ပြောင်ပြီးထွက်ခွာသွားကြတယ်။ သူ့ရဲ့ တကယ့်အားလပ်ရက်စစ်စစ်ပါလား။

ဘတ်(စ)ကားမီးက အဝေးကနေခပ် မှိန်မှိန် မြင်ရရာကနေ တဖြည်းဖြည်း အနီးရောက်လာတော့ လင်းခနဲ မြင်လိုက်ရတယ်။ သူက အားမပါဘဲ လက်ဆန့် တားလိုက်တဲ့အခါ ဘတ်(စ)ကားက သူ့ရှေ့မှာရပ်ပြီး ကြမ်းတမ်းတဲ့ သတ္တုထိုင်ခုံပေါ်မှာ ထိုင်လိုက်လာရင်း ညစ်ပေတဲ့ ပြတင်းပေါက်ကနေ အပြင်ဖက်ကို ငေးကြည့်ရင်း ပါလာခဲ့တယ်။

ဆေးရုံကြီးဟာ အေးတိအေးစက်နဲ့ နေချင်စရာ ကောင်းတဲ့နေရာတော့မဟုတ်ပါဘူး။ ပိတ်ထားတဲ့ တံခါးကို သူဖြတ်ဝင်လိုက်တယ်။ အက်ကြောင်းလိုက်လို့ ဆေးတွေအလွှာလိုက် ကွာကျနေတဲ့ ဆေးအဖြူရောင် တူညီတဲ့ နံရံတွေနဲ့ ဝက်ပါလို သပွတ်အူလိုက်နေတဲ့ ဆေးရုံထဲကို သူရောက်ခဲ့ပါတယ်။ အလုပ်၊ အလုပ်၊ အလုပ်အများကြီးလုပ်ပြီးတော့ သူအိပ်ယာဝင်လိုက်တယ်။ နောက်တစ်နေ့မှာ သူ့အဖေ ဖြစ်စေချင်တဲ့အတိုင်း ကတ်သလစ် ဘာသာဝင်ကောင်း တစ်ယောက်အနေနဲ့ ဘုရားကျောင်းကိုသွားပြီး၊ သူစဉ်းစားမိသလောက် ဘုရားသခင်က ချပေးထားတဲ့ကောင်းချီးမင်္ဂလာတွေအတွက် ကျေးဇူးတော် ချီးမွမ်းရဦးမယ်။

နောက်နှစ်နာရီလောက်အကြာမှာ တံဆိပ်တွေထောင်ပြရင်း လူတွေ ပိတ်ထားတဲ့ တံခါးကို တွန်းဝင်လာပြီး သူ့နာမည်ကို ခေါ်သံကြားလို့ သူလဲ ထပြီးတော့ သူဟာ ဆေးရုံအုပ်ကြီးရဲ့သား ဟတ်တာဖြစ်ပါတယ်။ သူတို့ ဘာလိုချင်လဲလို့ ဟတ်တာက မေးလိုက်တယ်။

ဒီလူတွေက အံ့အားသင့်ပြီးတော့ တစ္ဆေသရဲ မြင်ရသလို သူ့ကို စိုက်ကြည့်နေကြတယ်။ မျက်မြင်သက်သေတွေရဲ့ ထွက်ဆိုချက်အရ သူကားထဲ ဝင်သွားတာကို သူတို့တွေ့လိုက်တယ်။ ဘယ်သူမှလဲ ကားထဲက ပြန်ထွက်လာတာ မတွေ့မိဘူးလို့ပြောတယ်။ ဟတ်တာကလဲ စိတ်လှုပ်ရှားလာပြီး ရုံးခန်းထဲက ထွက်လာတယ်။ သူတို့ ဘာကို ဆိုလိုတာလဲ။ ဘာတွေပြောနေကြတာလဲလို့ မေးပါတယ်။

ရောက်လာတဲ့လူတွေဟာ ထိတ်လန့်သွားတယ်။ သူတို့ဟာ သူ့ရဲ့အလောင်းကို အပျက်အစီးတွေကြားထဲမှာ လိုက်ရှာတာ၊ တစ်နာရီခွဲလောက်ကြာခဲ့တယ်။ သူဘာမှ မကြားမိဘူးလားလို့မေးတယ်။ သူက အသံနည်းနည်း မြှင့်ပြီးတော့ ဘာကြားရမှာလဲလို့ ပြန်မေးလိုက်တော့ သူတို့က စိတ်ကို တည်ငြိမ်အောင်ထားပြီး ယာဉ်မတော်တဆမှု ဖြစ်တဲ့အကြောင်း ပြောပြီးတော့ ရှေ့ကို အစုလိုက် တိုးလာကြတယ်။ ဘယ်လိုကြောင့် ဖြစ်ရတာလဲဆိုတာ အတိအကျမသိဘူး။ သိရသလောက်တော့ ကားမောင်းတဲ့လူက ကားကို မထိန်းနိုင်ဘဲ သစ်ပင်တစ်ပင်ကို ဝင်တိုက်မိတယ်လို့ ယူဆရတယ်။ သူတို့ဟာ ဟက်တာရဲ့ အလောင်းကို နှစ်နာရီကြာ ရှာခဲ့ကြတယ်လို့ ပြောပြတယ်။

သူက၊ သူ့သူငယ်ချင်းတွေ၊ ကားထဲမှာပါတဲ့ ကျန်တဲ့လူတွေ ဘာဖြစ်သွားသေးလဲလို့စူးစူးရှရှအော်ပြီးတော့မေးလိုက်တဲ့အခါ သူ့သူငယ်ချင်းတွေရဲ့အလောင်းတွေယဉ်တိုက်တဲ့နေရာမှာ ပြန့်ကျဲနေတာကို တွေ့တယ်လို့ ခေါင်းကိုခါပြီး အလေးအနက် ပြောပြကြ-ပြီး ကြမ်းပြင်ကိုသာ စိုက်ကြည့်နေကြပါတယ်။ ပျောက်နေတယ်ဆိုတဲ့ အလောင်းဟာ ဟက်တာရဲ့အလောင်းပဲဖြစ်ပြီး ကျန်တဲ့လူတွေရဲ့ ခန္ဓာကိုယ်အားလုံးကို ပြန်တွေ့ရပြီဖြစ်တယ်၊ သူတို့အားလုံး သေဆုံးကုန်ကြပါပြီ။

တစ်ခါတစ်ရံ ဘုရားသခင်တစ်ပါးတည်းသာလျှင် နားလည်နိုင်သောကိစ္စများ ဖြစ်တတ်ပါသည်။ အဘယ်ကြောင့် မတော်တဆဖြစ်မှုများတွင် လူတစ်ဦးသာ အသက်ရှင်ကျန်ရစ်ပြီး ကျန်သည့်လူများသည် အဘယ်ကြောင့် အသက်မရှင်ကြရပါသနည်း?ယင်းသည် ကျွန်ုပ်တို့ နားလည်နိုင်စွမ်းကို ကျော်လွန်၍ ရှိနေသောကြောင့် အဖြေအတွက် ကောင်းကင်ဘုံသို့သာ မဖြစ်မနေကြည့်ရန်ဖြစ်လာရပါသည်။ ဘုရားသခင်သည် ဤအံ့ဩဖွယ်ရာ တိုက်ဆိုင်မှုမျိုးကို ခွင့်ပြုရခြင်းမှာ ယင်းတို့သည် မိမိတို့အား စကြဝဠာထဲတွင် နမူနာ ပုံစံတစ်ခုကို ရှာဖွေစေပြီး အဖြစ်အပျက်များ၏ နောက်ကွယ်မှ အဓိပ္ပါယ်ကို ရှာဖွေစေသည်။တစ်ဦးတည်းသာအသက်ရှင် ကျန်ရစ်ခဲ့သူ အများအပြားသည် သူတို့၏ ဘဝတွင် ကြီးမားသော ပြောင်းလဲမှုကို တွေ့ကြုံခံစားရပါသည်။ သူတို့သည် တစ်ကိုယ်ကောင်းဆန်မှု စတင်လျော့ပါးလာပြီး ပို၍ ချစ်လာကြပါသည်။ ယခင်က သူတို့ဦးစားပေးသည့်အရာများက မည်သည့်အရာများ ဖြစ်နေပါစေ၊ ယခုအခါ သူတို့အား ဘုရားသခင်က ဖြစ်စေလိုသည့်အတိုင်း ဖြစ်ချင်လာကြပါသည်။ အများစုက နားလည်ထားသည်မှာ ဘုရားသခင်က သူတို့အား ကယ်တင်ခြင်းမှာ သူတို့သည် များစွာပေးဆပ်ရန် ရှိသေးသောကြောင့်ဖြစ်မည်ဟုယူဆပြီး သူတို့သည် ဘုရားသခင်၏ မေတ္တာအား သူတစ်ပါးထံ သယ်ဆောင်ရာ၌ အသုံးပြုသည့် ရေရေသွယ်ပြွန်သဖွယ် ဖြစ်လာကြပါသည်။

\- Chloe West